
THE
FLOWER MOON
TRANSLATION TEAM
ပူကြါးလေးရဲ့ စူပါဒယ်ဒီ
(Chapter 68 - 94)
စာစဉ် - ၅

## အပိုင်း (၆၈)
## ဇာတ်ကြောင်းအတုတစ်ခုကို ဘယ်လိုလုပ်ရမယ်ဆိုတာ သူ လုံးဝ သိတာဘဲ။

မိတ်ကပ်ဆရာ လင်ဒါရောက်လာသည့်အချိန်တွင် သရုပ်ဆောင်မင်းသား၊ မင်းသမီးများအား ကျရာ ဇာတ်ကောင်တစ်ခုစီအတွက် ကူညီပြင်ဆင်လိမ်းချယ်ပေးနေသည်။ ရှူရှီယန်၏ ဇာတ်ကောင်သည် အသေးစားဖြစ်သောကြောင့် လင်ဒါ သူမအားမိတ်ကပ်လိမ်းပေးရန် အပြီးထိ သူမစောင့်နေရပေမည်။ ကိုယ်ပိုင်မိတ်ကပ်ဆရာနှင့် သီးသန့်အခန်းရသော အဓိက ဇာတ်ကောင်များနှင့်မတူစွာ အပြင်တွင် အေးစက်နေသောထိုင်ခုံပေါ်တွင် ထိုင်လျက် သူမစောင့်နေရမည်ပင်။

ရှုရှင်းရိအား လင်ဒါမိတ်ကပ်လိမ်းပြီးနောက်တွင် သူမသည် ပို၍ ညို့အားကောင်းသော လူတစ်ယောက်ကဲ့သို့ပင်။ ရှည်လျားလှပကော တက်မက်ဖွယ်ကောင်းလှသည့် ဝတ်စုံအားဝတ်သောရှေးမှ ကိုယ်လုပ်တော်များကဲ့သို့ပင် ပုံပေါက်နေသည်။ ရှူရှီယန်ခေါင်းညိတ်ကာ လင်ဒါ၏မိတ်ကပ်ပညာအား အသိအမှတ်ပြုလိုက်သည်။ သူမ၏ကိုယ်ပိုင်လက်ရာသည် ပိုကောင်းသည်ဟု ရှူရှီယန်ထင်သော်လည်း လင်ဒါကဲ့သို့သော အရည်အချင်းအားရောက်ခြင်းသည်လည်း လွယ်ကူသော စွမ်းဆောင်မှု တစ်ခုမဟုတ်ပေ။

ရှုရှင်းရိ မိတ်ကပ်လိမ်းပြီးနောက် သူမ၏ဝတ်ရုံအရှည်ကြီးအားမကာ အပြင်ထွက်လာသည်။ ထို့နောက် တခြားသောဇာတ်ကောင်အသေးများအတွက် လင်ဒါစတင်လိမ်းခြယ်လေသည်။ ကံကောင်းစွာပင် စာရင်းတွင် ရှူ

ရှီယန် ပထမဖြစ်နေသည်။ လင်ဒါသည် သူမအား မှန်ရှေ့တွင်ထိုင်ခိုင်းကာ သူမ၏ မျက်နှာပေါ်တွင် စတင်မိတ်ကပ်လိမ်းလိုက်သည်။ နာရီဝက်ကြာပြီး နောက် ပြီးလေသည်။ ထို့နောက်တွင် စတိုင်လစ်၏လက်ထောက်အား ခေါ် လိုက်သည်။ သူမနာမည်သည် တင်နာဖြစ်ကာ ရှုရှီယန်အား ဝတ်စုံဝတ် ရာတွင်ကူညီပေးသည်။

ရှုရှီယန် အဝတ်လဲခန်းမှထွက်လာပြီးနောက် မှန်ရှေ့တွင်ရပ်နေသည်။ သူမ၏ ဝတ်စုံနှင့်ပက်သက်၍ မကောင်းသောအငွေ့အသက်ရနေပေသည်။

ငါက ဒုတိယမင်းသမီးရဲ့ အစေခံအနေနဲ့သရုပ်ဆောင်ရမှာကို....အဲ့တာကို ဘာလို့ ကိုယ်လုပ်တော်တစ်ယောက်ရဲ့ အဝတ်တွေဝတ်ထားရတာလဲ။

လင်ဒါအား သူမ၏အဝတ်နှင့်ပက်သက်၍ ရှုရှီယန်မေးမည်ပြုနေချိန် ရှု ရှင်းရိသည် သူမ၏ ဓာတ်ပုံရိုက်ခြင်းအား ပြီးသွားကာ ရှုရှင်းရိသည် စီမံ ခန့်ခွဲရေးဒါရိုက်တာ၊ အခြားသော ကြီးကြပ်သူများနှင့်အတူ ရှုရှီယန်နားသို့ ချဉ်းကပ်လာသည်။ ရှုရှီယန်၏အဝတ်များကို ရှုရှင်းရိကြည့်လိုက်ကာ ဒါရိုက်တာယန်ရုံအားမေးလိုက်သည်။

"ဒါရိုက်တာယန်၊ ဒီဟာက ဘာသဘောလဲ။ ကျွန်မအတွက်ဖြစ်ရမယ့် အဝတ်တွေကို သူက ဘာကိစ္စဝတ်ထားရတာလဲ။"

ရှုရှင်းရိ၏မကျေမနပ်ပြောသံအား ရှုရှီယန်ကြားသည့်အခါ အရာရာ အားလုံးရှင်းလင်းသွားပေသည်။ တစ်ယောက်တစ်ယောက် ပရိယာယ် တစ်ခုခု ကစားနေပေပြီ။

ရှုရှီယန်သည် ရှုရှင်းရိနှင့်အတူ ဤမိတ်ကပ်လိမ်းခန်း၌ တောက်လျှောက် အတူရှိနေသည်။ သို့သော် မိတ်ကပ်ဆရာအား သူမ လာဘ်ထိုးပိုက်ဆံ ပေးလိုက်သည် သတိမထားမိလိုက်ပေ။

ရှုရှီယန် ရှင်းပြရန်ကြိုးစားလိုက်သည်။

"ဒါရိုက်တာယန်၊ စီနီယာရှူ၊ ဒီအဝတ်တွေက မိတ်ကပ်ဆရာနဲ့ စတိုင်လစ်က ကျွန်မအတွက် ရွေးပေးတာပါ။ ဒီအဝတ်တွေကို ဒုတိယမင်းသမီးက ဝတ်မယ်ဆိုတာ ကျွန်မ မသိပါဘူး။"

ဒါရိုက်တာယန် သူမအား စမေးခွန်းမေးလိုက်သည်။

"သေချာလို့လား။ အဲ့တော့ ဒီအမှားအတွက် မင်းက မိတ်ကပ်ဆရာနဲ့ စတိုင်လစ်ကို အပြစ်တင်နေတာလား။ "

"မင်းသာ သူတို့ကို အတင်းအကျပ်မလုပ်ဘဲနဲ့တော့ သူတို့က ဒီအဝတ်တွေကို ပေးမှာမဟုတ်ဘူး။ မင်း...မင်း ငါ့ကို ကြည့်ရဆိုးအောင် လုပ်ဖို့ကြိုးစားနေတာလား။" ရှုရှင်းရိုပြောလိုက်သည်။

ရှုရှီယန် ရှုရှင်းရို၏ မဟုတ်ကဇာတ်ကြောင်းတစ်ခုဖန်တီးနိုင်မှုအား အထင်ကြီးနေသည်။

"ကျွန်မပြောချင်တာ အဲ့လိုမဟုတ်ပါဘူး။"ရှုရှီယန်ပြောလိုက်သည်။

"ဘာလို့ ကျွန်မ တစ်ယောက်ယောက်ကို ကြည့်ရဆိုးအောင်လုပ်ရမှာလဲ။ အမကို ကျွန်မ ပထမဆုံးတွေ့ဖူးတာပါ။ အတိတ်မှာလည်း ကျွန်မတို့ ရန်ဖြစ်ခဲ့တာမျိုးမှ မရှိခဲ့ဖူးတာလေ....."

ရှုရှင်းရို ရှုရှီယန်အား စိုက်ကြည့်ပြီးနောက် ဒါရိုက်တာယန်ဘက်သို့ လှည့်လိုက်သည်။

"ဒါရိုက်တာယန် ကျွန်မအစား ဒီကောင်မလေးအသစ်ကို သုံးဖို့လုပ်ထားရင် ကျွန်မအခုဘဲ သွားတော့မယ်။"

ဒါရိုက်တာယန်သည် အမှန်တကယ်ပင် ရှုရှီယန်၏အလှကြောင့် အသက်ရှုမှားကာ သတိမေ့နေသည်။ သို့သော် အမြန်ပင် ပြန်ပြင်ဆင်လိုက်သည်။

"ဘာလို့ ငါက လုပ်ရမှာလဲ။ ဒါရိုက်တာဟွာ ကိုယ်တိုင်ကိုက နင့်ကို ဒုတိယနေရာမှာ သရုပ်ဆောင် စေချင်တာလေ။ ငါတို့ရှေ့ ကောင်မလေးက ဘယ်သူမှန်းတောင် မသိဘူး။ မိတ်ကပ်ဆရာကို ဒီခေါ်ပြီး မေးကြည့်ရအောင်။ ဘယ်သူသိမလဲ။ ဒီအတိုင်း မှားသွားတာဖြစ်နိုင်တာဘဲ။"

ထို့ကြောင့် လင်ဒါနှင့်တီနာအား အမြန်ခေါ်လိုက်ကာ ဤကိစ္စအကြောင်း မေးလိုက်သည်။

***

## အပိုင်း (၆၉)

## သူမအတွက် မတ်တပ်ရပ်ဩဘာပေးရသည်ပင်။

လင်ဒါအား ဖြစ်ပျက်နေသည့်အကြောင်းများကို ဒါရိုက်တာမေးလိုက်သည့်အခါ ရှုရှင်းရို အားငေးကြည့်နေလျက် လင်ဒါမျက်တောင်ခတ်လိုက်သည်။ ထို့နောက် သူမပြောသည်။

"မစ္စတာယန်။ အဲ့တာက ကျွန်မကို ရှုရှီယန်က ဒုတိယမင်းသမီးရဲ့မိတ်ကပ်လိမ်းခိုင်းတာပါ။ ဒါရိုက်တာနဲ့ အရမ်းရင်းနှီးတယ်လို့ သူပြောပါတယ်။ ပြီးတော့ ဒါရိုက်တာကလည်း သူ့ကို ဒုတိယမင်းသမီးနေရာ ပေးဖို့ ကတိပေးထားတယ်လို့ပြောလို့ ကျွန်မ လိမ်းပေးလိုက်တာပါ။"

ရှုရှီယန် လင်ဒါအား လက်ညှိုးထိုးကာပြောလိုက်သည်။

"မင်း..လုလိမ်။ ငါ အဲ့လိုမျိုးတစ်ခါမှ မပြောဖူးဘူး။"

လင်ဒါသည် တည်ငြိမ်လေးနက်နေသည်။ ဘုရားအား ကျမ်းသစ္စာ ကျိန်ဆိုတော့မည့်ပုံပင်ပေါက်နေသည်။

"ကျွန်မ အမှန်တိုင်းပြောနေတာပါ။ ကျွန်မကို မယုံရင် တီနာကို မေးလို့ရပါတယ်။"

တီနာ ခေါင်းငြိမ်ကာ ပြောလိုက်သည်။

"ဟုတ်ပါတယ်။ မစ္စတာယန်။ အဲ့တာ ရှုရှီယန်က ဒီဝတ်စုံကို ဝတ်ဖို့ အတင်းတောင်းဆိုလို့ပါ။"

ရှုရှီယန် "......"

ထိုသူတို့၏ ပြောဆိုချက်များအား ငြင်းဆိုလျှင်လည်း မည်သည့်မှုမထူး တော့မည့်ပုံပင်။ သူမ ဘယ်လောက်ပင် ငြင်းဆန်ပါစေ အပြစ်သည် သူမ ဘက်သို့သာ ကျရောက်လာလေမည်။ သူမ မသိခဲ့သည့်အရာသည် ရှုရှင်းရို၊ လင်ဒါနှင့် တီနာတို့သည် အရင်အချိန်တွင် အတူတူအလုပ်လုပ်ဖူးကာ အတော်ရင်းရင်းနှီးနှီးရှိကြသည်ကိုပင်။ ထိုသူနှစ်ယောက် ရှုရှင်းရိုအား ကူ လိမ်ပေးရန် အဆင့်သင့်ဖြစ်နေကြပြီးသားပင်။ ထို့ကြောင့် အပြစ်အာလုံး အား ရှုရှီယန်ထံသို့ ပုံချနိုင်ကြသည်။

ရှုရှီယန် သက်ပြင်းချလိုက်သည်။ ရှုရှင်းရို ကလေးဆန်ကာ ဤမျှလောက် ထိသွားမည်ဟု မမျှော်လင့်ထားပေ။ ရှုရှင်းရို၊ သူမ၏ ဇာတ်ရုပ်ဖြစ်သော ဒုတိယမင်းသမီးဇာတ်ရုပ်နှင့် အလွန်ပင်လိုက်ပေသည်။ ကစားကွက်အား ခန့်မှန်းတတ်ကာ ကြိုးကိုင်ချယ်လှယ်တတ်၍ ကြောက်စရာကောင်း သည်ပင်။

ထိုသူတို့နှစ်ယောက်၏ ဖြေရှင်းချက်များအား နားထောင်ပြီးနောက် ဒါရိုက်တာ ချောင်းအခြောက်ဆိုးလိုက်သည်။ တစ်ခုခုအား သူ သံသယ ဝင်နေပေသည်။ သူသိသလောက်ပင် သူ၏ရှေ့မှ လှပသောမိန်းမပျိုသည် သူ တို့၏ဒါရိုက်တာကြီး ဟွာဂိုကျင်နှင့် အလွန်တရင်းတနှီးရှိနိုင်ပေမည်။ အမှန် ဟုတ်သည်ဖြစ်စေ၊ မဖြစ်စေ ဒါရိုက်တာယန် ၏ဦးစားပေးအလုပ်သည် ရှု ရှင်းရိုအား ပြေလည်စေရန်ဖျောင်းဖျမည်ဖြစ်သည်။ ရှုရှင်းရိုအား ဖျောင်းဖျ ရန် နေခဲ့စဉ် သူ၏ဝန်ထမ်းတစ်ယောက်အား ကျင်ရှီကို အဝေးသို့ခေါ်သွား၍ အဝတ်လဲကူရန် ခိုင်းစေလိုက်သည်။

ရှုရှင်းရိုသည် လုံးဝပင် ဂျူရှင်၏ထိပ်တန်းမင်းသမီးတစ်ယောက်ပင်။ ချီလီ ယာတစ်ယောက်ထံ၌သာ ဒုတိယမင်းသမီးအဖြစ်ရှုံးနေခြင်းဖြစ်သည်။ ဤ ဒုတိယမင်းသမီးနေရာအား ရယူရန် သူမအတွက် မခက်ခဲပေ။ သူမသာ

ထွက်သွားလျှင် ထုတ်လုပ်ရေးအဖွဲ့သည် ကြီးမားသောဆုံးရှုံးမှု ခံစားရပေလိမ့်မည်။

မိတ်ကပ်ပုံစံ နေရာလွဲမှားသွားသည့် မတော်တဆမှုဖြစ်သည့်အချိန်တွင် တချို့သောဝန်ထမ်းများသည် ရှုရီယန်ပေါ်တွင် သူတို့၏အမြင်များပြောင်းသွားကြသည်။ သူမသည် ဤသရုပ်ဆောင်နေရာအား အဆက်အသွယ်များဖြင့်ရယူကာ ဝင်ရောက်လာသည်ဟု ထင်နေကြသည်မှာ အသိအသာပင်ဖြစ်နေသည်။ ရှုရီယန်အား နန်းတွင်းအစေခံတစ်ယောက်အနေဖြင့် ရွေးချယ်ခဲ့သည်။ ထို့တိုင်အောင်ပင် သူမသည် ရှုရှင်းရို၏ ဒုတိယမင်းသမီးနေရာအား ခိုးဖို့ကြိုးစားနေသည်မှာ လုံးဝပင် မျက်နှာပြောင်တိုက်ကာ အရှက်မရှိလှပေ။

ယခုပင် လူအများသည် သူမအား အရှက်မရှိသော၊ ဉာဏ်နီဉာဏ်များသော၊ အကြံအစည်နှင့် ဝင်လာသော မိန်းမတစ်ယောက်ဟု မြင်နေကြသည်။

ရှုရီယန် ငြင်းဆန်ပြောဆိုနေရန်၊ သူမ ကိုယ့်ကို ကာကွယ်ပြောဆိုရန် မကြိုးစားပေ။ သူမ အမှန်အတိုင်းပြောဆိုရှင်းပြပါစေ သူမအပေါ် သံသယများအား မရှင်းပစ်နိုင်ကြောင်း သူမသိပေသည်။ မည်သူမျှ သူမအား မယုံကြည်ပေ။ ထို့ကြောင့် သူမ၏ အချိန်နှင့် လေအား ဖြုန်းမနေတော့ပေ။ လင်ဒါ၏ အမှုဆင်မှုခြင်းခံပြီးသည့်နောက်တောင်ပင် ကံဆိုးမှုသည် ဆက်ရှိနေသေးသည်။

သူမ၏မိတ်ကပ်ပြန်လည်ပြင်ဆင်ရန် လင်ဒါကိုစောင့်နေသော်လည်း သူမလုပ်ပေးမည့် ရည်ရွယ်ချက်ပင်မရှိပေ။

လင်ဒါ ရှုရီယန်အား အချိန်အကြာကြီးစောင့်ဆိုင်းစေခဲ့ သူမ၏တင်ပါးများပင် အထိုင်များသောကြောင့် ထုံကျင်နေပေသည်။ ရှုရီယန် လင်ဒါအား

သွားရှာရန်ဆုံးဖြတ်လိုက်သည်။

သူမအားတွေ့သည့်အခါတွင် ရှုရှီယန်မေးလိုက်သည်။

"ဘာလို့ ကျွန်မမိတ်ကပ်ကို ပြန်မပြင်ပေးတာလဲ။"

လက်ပိုက်လျက် လင်ဒါ မာနကြီးစွာဖြေလိုက်သည်။

"အားတော့နာပါတယ်၊ ဒါပေမယ့် ငါက လူရွေးပြင်တတ်လို့။ အနုပညာလောကထဲက လူတိုင်းသိတယ်။ တကယ်လို့ မင်းမှာ ဇာတ်ကောင်ကောင်းကောင်းမရှိဘူးဆိုရင် ငါက အဲ့လူကိုမပြင်ပေးဘူး။ နင့်ကို သိပ်ပြီးကြည့်ရတာအဆင်မပြေလို့ နင့်ကို မိတ်ကပ်မပြင်ပေးတာ။ ငါလည်း သိပ်ပြီး စိတ်အခြေအနေသာယာနေတာမဟုတ်တော့ ပြင်ပေးမှာမဟုတ်ဘူး။ နားလည်လား။"

"နင့်ရဲ့ အမြင်က တော်တော်အောက်တန်းကျတာ။" လင်ဒါဆက်ပြောလိုက်သည်။

"ငါ့ကို စိတ်တိုအောင်လုပ်လို့ နင့်မျက်နှာ ကြည့်ကိုမကြည့်ချင်ဘူး။ နင့်ကို မိတ်ကပ်ပြင်ပေးဖို့ ဆန္ဒရှိတယ်လို့ ထင်နေတာလား။"

"ဝိုး။ နင်ကတကယ်ကို ဇီဇာကြောင်တာဘဲ။"

ရှုရှီယန် လက်သီးတင်းတင်းဆုပ်လိုက်ကာ လင်ဒါ၏မျက်နှာအား ထိုးတော့မည့်နီးနီးပင်။ ကံကောင်းစွာပင် တစ်ယောက်ယောက်သည် အနောက်မှ သူမအား တားလိုက်သည်။ ရှုရှီယန် လှည့်ကြည့်လိုက်သောအခါ သူမအား တားလိုက်သည့်သူသည် ရုပ်ရှင်ဘုရင်မတစ်ပါးဖြစ်သော ချီလီယာပင်ဖြစ်သည်။

ချီလီယာသည် တော်ဝင်အလှတစ်ရားတစ်ခုအနေဖြင့် နာမည်ကြီးပေသည်။ သူမ၏ဆံပင်များအား ရှေးတရုတ်ရိုးရာ ဆံထုံးပုံစံ ရစ်ခွေ

ထားသည်။ သူမ၏ အသားအရည်သည် နှင်းနုနုကလေးများကဲ့သို့ ဖြူဖွေး နုဖတ်နေကာ မျက်လုံးများသည် တောက်ပလျက် အသက်ဝင်လှပေသည်။ သူမ၏ဆံပင် အရှည်ကြီးအား ဝတ်ရုံအဖြူ၏နောက်တွင် ဖြန့်ချထားသည်။ နတ်သမီးတစ်ယောက်ကဲ့သို့ လှပနေကာ တည်ငြိမ်သိက္ခာရှိသောရောင်ဝါများ ထွက်နေသည်။

ရှုရှီယန်၏မျက်လုံးများသည် အံ့ဩမှုကြောင့် ပြူးကျယ်သွားသည်။

"မစ္စ ချီလီယာ။"

လင်ဒါ ချီလီယာအားတွေ့လိုက်သည့်အခါ ယဉ်ကျေးလာပြီး ရိုသေလေးစားလာသည့်ပုံဖြစ်လာသည်။ ခေါင်းငုံ့ကာ သူမအား နှုတ်ဆက်လိုက်သည်။

"မင်္ဂလာပါ။ မစ္စချီလီယာ။"

ချီလီယာပြုံးလိုက်သည်။ သို့သော် လင်ဒါအား သူမကြည့်လိုက်သည်နှင့် ချက်ချင်း သံမဏိကဲ့သို့ ကြမ်းတမ်းမှုတစ်ခု သူမ၏မျက်လုံးထဲတွင်ပေါ်လာသည်။

"လင်ဒါ၊ နင့်ရဲ့ မိတ်ကပ်စည်းကမ်းကို ငါ ပထမဆုံးကြားဖူးတာဘဲ။ အရင်တုန်းက ငါ့ကို မိတ်ကပ်ပြင်ပေးဖို့ အချိန်မရှိဘူးလို့ နင်ပြောခဲ့တာကို ငါအခုမှ နားလည်သွားတာ။ ငါ့ရဲ့ဇာတ်ကောင်က နင်မိတ်ကပ်ပြင်ပေးဖို့ မကောင်းခဲ့တာများ ဖြစ်မယ်...."

ရှုရှီယန် အံ့ဩသွားသည်။

ချီလီယာက သူမဘက်ကနေ ရပ်ပေးနေတာလား။

***